# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date -24/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

**ကချင်ပြည်နယ်**

၂၀၂၂ မတ်လ (24) ရက်နေ့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ ကောင်းရာကျေးရွာအနီးတွင် စကစ စစ်ကြောင်းနှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA တို့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး နှစ်ဖက်ထိခိုက်ကျဆုံး မသိရသေးကြောင်း သတင်းရရှိသည်။

**ကရင်နီ(ကယား)ပြည်နယ်**

၂၀၂၂ မတ်လ (၁၉) ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကယန်းသာယာလမ်းခွဲအနီးရှိ စစ်ဆေးရေးဂိတ်အနီးတပိုက်တွင် အကြမ်းဖက်စကစတပ်နှင့် ကရင်နီတပ်မတော် (KA)၊ KNDF တို့ နှစ်ဖက်ထိတွေ့တိုက်ပွဲ (၂) ကြိမ်ဖြစ်ပြီး စကစဘက်မှ (၂) ဦးသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၁) ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ လွယ်တမူကျေးရွာအနီး အဝေးပြေးလမ်းမတွင် အကြမ်းဖက်စကစတပ်များနှင့် ကရင်နီတပ်မတော် (KA)၊ KNDF တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၂) ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့အနီး နန့်စံခန်းကျေးရွာတွင် စကစတပ်များကို KNDF မှ ၁ နာရီကြာ တိုက်ခိုက်ခဲ့ပြီး စကစဘက်မှ ထိခိုက်အကျအဆုံးများခဲ့ကြောင်း သတင်းရရှိသည်။

**ချင်းပြည်နယ်**

၂၀၂၂ မတ်လ (၂၃) ရက်နေ့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ အိန္ဒိယနယ်စပ်အနီးတွင် CNA တပ်စွဲထားသော နေရာကို ZRA အဖွဲ့မှ အင်အား (၂၀) ခန့်ဖြင့် အလစ်ဝင်တိုက်ရာ CNAမှ ရဲဘော်တစ်ဦး ကျဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

**<u>စစ်ကိုင်းတိုင်း</u>**

၂၀၂၂ မတ်လ (၂၃) ရက်နေ့ စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ ဆည်ကြီးကျေးရွာသို့ လာရောက်ခဲ့သော စကစ ကား (၂) စီးကို ဒေသခံကာကွယ်ရေးအဖွဲ့မှမိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း၊ ပုလဲမြို့နယ်၊ အင်းကုန်းကျေးရွာသို့ လာရောက်ခဲ့သော စကစကား (၁) စီးကို ဒေသခံကာကွယ်ရေးအဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ခြင်း၊ ကသာမြို့နယ်၊ ချောင်းဝကျေးရွာအနီးတွင် စကစ တပ်သားများကို ကသာမြို့နယ်ပကဖအဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၂) ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၄) ရက်နေ့ စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်၊ မြေနုကျေးရွာအနီးတွင် စကစတပ်သား (၆၅) ဦးခန့်အား ဒေသခံကာကွယ်ရေးအဖွဲ့မှ မိုင်း (၂) ကြိမ်မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၂) ဦး သေဆုံးခဲ့ပြီး (၅) ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

### ကချင်ပြည်နယ်

၂၀၂၂ မတ်လ (၂၄) ရက်နေ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာတွင် မီတာကြေး မဆောင်သောကြောင့် တစ်ရွာလုံးကို စကစတပ်မှ (၂၁) ရက်နေ့မှစကာ လျှပ်စစ်မီး ဖြတ်တောက်ခဲ့ကြောင်း သတင်းရရှိသည်။

### ကရင်ပြည်နယ်

၂၀၂၂ မတ်လ (၂၄) ရက်နေ့ နံနက်ပိုင်း၌ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့အပြင် ကွင်းကလေးကျေးရွာအတွင်းသို့ သဃ်န်းညီနောင်ကျေးရွာ၊ အခြေစိုက် စကခ (၁၂) လက်အောက်ခံ ခမရ (၃၅၅) တပ်ရင်းမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး လက်နက်ကြီးကျည် ၁ လုံး ထိမှန်ခဲ့သောကြောင့် ဆယ်ကျော်သက် အမျိုးသမီး ၁ ဦး ဦးခေါင်းပွင့် သေဆုံး၍ ၃ ဦး ဒဏ်ရာရခဲ့ပြီး နေအိမ် ၅လုံး ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

### ကရင်နီ(ကယား)ပြည်နယ်

ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ အဝေးပြေးကားဂိတ်တွင် စစ်ရှောင်တွေအတွက် ပေးပို့လာသည့် ပစ္စည်းတွေကို သွားရောက်ထုတ်ယူရင်း အဖမ်းခံလိုက်ရတဲ့ ကျောင်းသား လူငယ် ၂ ဦး ဖမ်းဆီးခံရပြီး (၉) လ အကြာ၌ ဆူပူအောင်လှုံ့ဆော်မှု ပုဒ်မ ၅၀၅ (က) နှင့် တရားစွဲဆိုခံရပြီး မတ်လ ၂၂ ရက်နေ့ တွင် ထောင်ဒဏ် ၃ နှစ် ချမှတ်ခံရကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၃) ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ စံပြခြောက်မိုင် ကယောပိုင်းဖက်မှ လွန်ခဲ့သော ၂ လခန့်တွင် စစ်ရှောင်ရာမှ ရိက္ခာပြန်လာယူရင်း ပျောက်ဆုံးနေသော အသက် (၃၀) အောက် ပြည်သူ ၅ ဦးတွင် ၃ ဦး၏ ရုပ်အလောင်း အရိုးစုများအား တွေ့ရှိခဲ့ပြီး ကောင်းမွန်စွာ ပြန်လည်သဂြိုဟ်ပေးခဲ့ဟု သတင်းရရှိသည်။

### စစ်ကိုင်းတိုင်း

၂၀၂၂ မတ်လ (၂၄) ရက်နေ့ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ခင်ဦးမြို့ အောင်သီရိရပ်ကွက်နေ CDM ဆရာမ ဒေါ်လွင်လွင်အောင် (ထပြ)အား စကစကား (၃) စီးဖြင့် လာရောက်ဖမ်းဆီးသွားခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၄) ရက်နေ့ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ နှောကုန်းကျေးရွာသို့ စကစတပ်သား (၁၀၀) ခန့်ရောက်ရှိနေခဲ့ပြီး သံဃာ(၁)ပါးနှင့် ကျေးရွာသား (၇) ဦးတို့အား ယင်းမာပင်မြို့သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းရရှိသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

Date - 24/3/2022

**မကွေးတိုင်း**

၂၀၂၂ မတ်လ (၂၄) ရက်နေ့ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ မွေ့လယ်ရွာ၌ စကစတပ်သားနှင့်ပျူစောထီး အင်အား -၁၀၀ နီးပါးက နေအိမ်များကို မီးရှို့ဖျက်ဆီးနေကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၄) ရက်နေ့ မကွေးတိုင်း၊ မင်းဘူးမြို့နယ်၊ စကုမြို့၊ အမှတ် (၁) ရပ်ကွက်၊ ကျောင်းရွာရပ်ရှိ ယခင်ကုန်သွယ်လယ်ယာဝန်း (No.1 ကိုယ်ပိုင်ကျောင်းမျက်နှာချင်းဆိုင်) အတွင်း နေအိမ်များကို စကစ လက်အောက်ခံရဲ အင်အား အများအပြားဖြင့် လာရောက်ရှင်းလင်း ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**ရန်ကုန်တိုင်း**

၂၀၂၂ မတ်လ (၂၃) ရက်နေ့ နံနက်ပိုင်း၌ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ် (၇) ရန်ကုန်ခေတ်သစ်အယ်ဒီတာဟောင်း မခင်နှင်းကြည်နေအိမ်နှင့် မင်း တိရိစ္ဆာန်ဆေးကုခန်းကို စကစမှ ဝရမ်းစာကပ်ပြီး ချိတ်ပိတ်သွားခဲ့ကြောင်း သတင်းရရှိသည်။